**မြန်မာစစ်အစိုးရတပ်မှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေခြင်းကို ကန့်ကွက်ရှုတ်ချ**

**၆ရက်၊ မေလ၊ ၂၀၁၃ခုနှစ်**

၂၀၁၃ခုနှစ် ပလောင်ဒေသအတွင်းတွင် မြန်မာစစ်အစိုးရတပ်၊ ရှမ်းပြည်တပ်မတော်၊ ကချင်လွတ်မြောက်ရေးတပ်မတော် နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား မကြာခဏ တိုက်ပွဲများ ထိုးစစ်ဆင်ခဲ့ခြင်းကြောင့် ပလောင်ပြည်သူလူထုများအပေါ် အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်နေသည်ကို ပလောင်အမျိုးသမီးအစည်းအရုံးနှင့် တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံးတို့မှ များစွာ စိုးရိမ်ပူပန်မိသည်။

မြန်မာစစ်အစိုးရတပ်တို့သည် အမျိုးသမီးများကို အတင်းအဓမ္မပြုကျင့်ခြင်း၊ အသက်မပြည့်သေးသော အမျိုးသမီးများကို လမ်းပြပေါ်တာအဖြစ်ခေါ်ယူခြင်း၊ ရွာသားများကို တိုင်းရင်းသားစစ်တပ်နှင့် ဆက်သွယ်မှုရှိသည်ဟု စွပ်စွဲကာ ခေါ်ယူမေးမြန်းစစ်ဆေးမှု ပြုလုပ်သည့်အချိန်တွင် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လမ်းပြအဖြစ်ခေါ်ဆောင်သွားသည့် အခါတွင် ရွာသားများမှ မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကျူးလွန်နေသည်ကို တွေ့ရှိရသည်။ စစ်ပွဲများ စဉ်ဆက်မပြတ်တိုက်ပွဲများ ဖြစ်ပေါ်နေသည့်အတွက်ကြောင့် ရွာသူရွာသားများသည် အိုးအိမ်မြေများ စွန့်လွှတ်ပြီး တခြားဒေသများသို့ ပြည်တွင်းဒုက္ခသည်အဖြစ် ခိုလှုံနေရပါသည်။ လက်ရှိ ပလောင်ဒေသတွင် ပြည်တွင်းဒုက္ခသည်များ လျော့သွားခြင်းမရှိဘဲ တိုးပွါးလာနေသည်ကို တွေ့ရှိရပြီး ထောင်ပေါင်းများစွာသော ဒုက္ခသည်များသည် မိမိတို့၏ နေရပ်သို့ ယနေ့အချိန်အထိ မပြန်နိုင်သေးပေ။

မြန်မာစစ်အစိုးရမှ အိမ်ထောင်သည်အမျိုးသမီး (၂)ဦးကို အတင်းအဓမ္မပြုကျင့်မှုပြုလုပ်ပြီး သတင်းပေါက်ကြားခဲ့ပါက မိသားစုအလိုက် သတ်ဖြတ်မည်ဟုလည်း ခြိမ်းခြောက်သည်။

*" မုဒိမ်းမှုကိစ္စတော့ ခံရတဲ့သူကိုယ်တိုင်က ဖွင့်ပြောဖို့ဆိုတာ အရမ်းကို ခဲယဉ်းတဲ့အလုပ်ပါ။ ဒီလိုခံခဲ့ရတော့ ပတ်ဝန်းကျင်တွေကလည်း ခံရမှာကြောက်သလို အထူးသဖြင့် စစ်တပ်က ကျူးလွန်ထားတယ်ဆိုတော့ သူတို့ကိုယ်တိုင်က ပြန်ပြီးခြိမ်းခြောက်ထားတယ်။ ဒီမုဒိမ်းကိစ္စ တကယ်ဖြစ်တဲ့ကိစ္စပါ"* ဟု ရေပုံးရွာသားတစ်ဦးမှ ပြောကြားခဲ့သည်။

စစ်အစိုးရတပ်မှ ဤကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်းနေခြင်းသည် တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းသည် လုံးဝ အောင်မြင်မည်မဟုတ်ဘဲ ဟန်ပြ ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းသာ လုပ်ဆောင်နေသည်ဟု မိမိတို့အနေဖြင့် သုံးသပ်မိပါသည်။ မြန်မာစစ်အစိုးရ တပ်မှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်နေမည်ဆိုပါက အပြစ်မဲ့သော အမျိုးသမီးများနှင့် ပြည်သူလူထုမှာ ကြောက်မက်ဖွယ်ရာ အသက်ဘေးအန္တရယ်ဆိုးများနှင့် ဆက်လက်ကြုံတွေ့နေမည့်

အနေအထားဖြစ်ပါသည်။ ယခုလက်ရှိ အမျိုးသမီး အကြမ်းဖက်မှုများကို လုံးဝ ရပ်တန့်၍ လက်ရှိ ဦးသိန်းစိန်အစိုးရမှ တာဝန်ယူဆောင်ရွက်ပေးရန် အောက်ပါအချက်များကို တောင်းဆိုလိုက်ပါသည်။

၁) တိုင်းရင်းသားဒေသရှိ အစိုးရတပ်ရင်းများတိုးချဲ့ထားခြင်းကို ရပ်တန့်ပြီး ကျန်ရှိနေသော တပ်ရင်းများအား ပြန်လည်ရုပ်သိမ်းရန်နှင့် ပြည်တွင်း စစ်ပွဲများ ချက်ချင်းရပ်တန့်ပေးရန်။

၂) မြန်မာစစ်အစိုးရတပ်မှ အမျိုးသမီးများ အတင်းအဓမ္မပြုကျင့်မှုနှင့်အခြားသော ဆိုးဝါးသော လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သော ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရွာသားများအား ပေါ်တာအဖြစ် အသုံးပြုခြင်း၊ သတ်ဖြတ်ခြင်း စသည့်တို့ကို ရပ်တန့်ပေးရန်၊

၃) မြန်မာအစိုးရတပ်မှ အမျိုးသမီးများ အတင်းအဓမ္မပြုကျင့်မှုနှင့်အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် (MNHRC) မှ အရေးယူစုံစမ်းစစ်ဆေးပေးရန်။

၄) မြန်မာအစိုးရတပ်မှ အမျိုးသမီးများ အတင်းအဓမ္မပြုကျင့်မှုနှင့်အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် ပတ်သက်၍ ကျူးလွန်ခံရသော နစ်နာသူများအား အမှန်တရားပေါ်ပေါက်စေရန် စုံစမ်းစစ် တာဝန်ယူဖြေရှင်းပေးရန်။

၅) အစိုးရမှ ပြည်တွင်းဒုက္ခသည်များ မိမိတို့နေရပ်သို့ လုံခြုံစိတ်ချစွာ ပြန်သွားနိုင်ရန်အတွက် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား မိမိတို့ဒေသရှိ ဒုက္ခသည်စခန်းကို လွတ်လွတ်လပ်လပ်လေ့လာ သုံးသပ်ပြီးကူညီပေးရန်။

**ပလောင်အမျိုးသမီးအစည်းအရုံးနှင့် တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

**တအာင်း (ပလောင်) လုပ်ငန်းအဖွဲ့**
**ဆက်သွယ်ရန်-**
(+ ၆၆) ၀၈၆၃၉၅၂၀၈၇
(+၆၆) ၀၈၁၃၉၇၀၂၇၄
(+၆၆) ၀၈၂၁၆၄၈၁၁၅